# ပြည်ပရောက်ပညာသင်ဝန်ထမ်းများသိသာရန်

မြန်မာနိုင်ငံ၏ ပြည်ထောင်စုအဖွဲ့အစည်းများ/ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်ပသို့ ပညာသင် သွားရောက်ရာတွင် ပညာသင်များ၏ သုံးလပတ်အစီရင်ခံစာများ၊ ပညာသင်ကာလ သက်တမ်းတိုးမြှင့်ခြင်း၊ မြန်မာနိုင်ငံသို့ ခေတ္တပြန်လာခွင့်စသည့် ပညာသင်နှင့်သက်ဆိုင်သည့် အမျိုးမျိုးသော ကိစ္စရပ်များကို မိခင်ဝန်ကြီးဌာနသို့ အနီးစပ်ဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် သတင်းပေးပို့ကြရမည်ဖြစ်ရာ အမေရိကန်နိုင်ငံ၊ ပနားမားနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံများသို့ ရောက်ရှိ ပညာသင်ကြားကြသည့် ဝန်ထမ်းများသည် မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ပြည်ပနိုင်ငံများတွင် ဘွဲ့လွန်ဒီပလိုမာမဟာဘွဲ့၊ ပါရဂူဘွဲ့စသည့် နှစ်ရှည်သင်တန်းများ တက်ရောက် လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ သုံးလပတ်ပညာရည်တိုးတက်မှုအစီရင်ခံစာများကို မြန်မာသံရုံး၊ ဝါရှင်တန်မြို့မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေး ကော်မတီ၏ email ဖြစ်သည့် scholarship@ucsb.gov.mm တို့သို့ ပေးပို့ရန်နှင့် ပညာသင်များအနေဖြင့် ပညာသင်ကြားမည့် နိုင်ငံ/တက္ကသိုလ်သို့ မည်သည့်နေ့ရက်တွင် ရောက်ရှိသည်ဖြစ်စေ ရောက်ရှိသည့် နှစ်၏ မတ်လ (၃၁) ရက်၊ ဇွန်လ (၃၀) ရက်၊ စက်တင်ဘာလ (၃၀) ရက်နှင့် ဒီဇင်ဘာလ (၃၁) ရက်နေ့များတွင် စာလမ်းကြောင်းဖြင့် မြန်မာသံရုံးသို့လိပ်မူပြီး consularservices@mewashingtondc.org သို့ ဆက်သွယ်ပေးပို့ ကြရန်ဖြစ်ပါသည်။

ပြည်ပပညာသင်ဆုများဖြင့် ကာလတို/ကာလရှည် ပညာသင်သွားရောက်သည့် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ဝန်ထမ်းများအနေဖြင့်လည်း မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ ဆက်သွယ်အကြောင်းကြား အစီရင်ခံ ကြရန်နှင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခြင်း မပြုမီ ရက်သတ္တပတ် (၃) ပတ်ကြိုတင်၍ လေယာဉ်ခရီးစဉ် တင်ပြကြရန်ဖြစ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့။

ရက်စွဲ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်